# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြန်မာ့ဆေးဖက်ဝင်သနပ်ခါး

သံချောင်း၊ မြင့်အောင်
မန္တလေးတိုင်းရင်းဆေးရုံကြီး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြန်မာ့ဆေးဖက်ဝင် သနပ်ခါးစာတမ်းသည် အညာဒေ စိုက်ပျိုး၍မရသော မြေလွတ်မြေရိုင်းများကို သနပ်ခါးစိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူသူများ ဝင်ငွေတိုးတက်စေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေစေခြင်း၊ နိုင်ငံခြားဝင်ငွေ ယိုဖိတ်မှုမရှိသည့်အပြင် စီးပွားဖြစ်စိုက်ပျိုးနိုင်ခြင်း၊ ဆေးဖက်ဝင် သနပ်ခါးအကြောင်း ကို ရုက္ခဗေဒရှုထောင့်၊ စိုက်ပျိုးရေးရှုထောင့်မှသိရှိနိုင်ခြင်း၊ ဆေးဖက်ဝင်သနပ်ခါးတွင်ပါဝင်သော ဒြပ်ပေါင်းများကို သိရှိနိုင်ခြင်း၊သနပ်ခါးပင်၏ ဆေးဖက်ဝင် အာနိသင်ထက်မြက်မှုအကြောင်း သိရှိနိုင်ခြင်း၊ သနပ်ခါးအစစ်အမှန်ရွေးချယ် ခွဲခြားနည်းများကို လေ့လာသိရှိနိုင်ခြင်း တို့ကို လေ့လာ သုံးသပ် တင်ပြထားပြီး သနပ်ခါးပင်စိုက်ပျိုးခြင်းနည်းစနစ်များ အကြောင်းကို အသေးစိတ် တင်ပြ ထားခြင်းဖြစ်ပါသည်။